# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)

## National Community Driven Development Project



**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ရေပူကြီးကျေးရွာအုပ်စု**

**လှိုင်ကွယ်ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်**

**၂၀၂၀ပြည့်နှစ် (တတိယနှစ်စက်ဝန်း)**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ | -၃ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ | -၄ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ | |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ<br>၄.၁။ ကျေးရွာသမိုင်းကြောင်း။<br>၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။<br>၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ<br>၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်<br>၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ<br>၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။<br>၄.၇။ ပိုင်ဆိုင်မှု မြေဧရိယာနှင့်သဘာဝ သယံဇာတများ။<br>၄.၈။ အခြားသတင်းအချက်အလက်များ။ | |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။ | |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ<br>၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) | |


| | |
|---|---|
| | ၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar) |
| | ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking) |
| | ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram) |
| | ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) |
| | ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2) |
| ၁၂။ | ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3) |
| ၁၃။ | ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၄။ | ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား |
| ၁၅။ | လူထုဗဟိုပြုစီမံကိန်း (NCDDP)ဖြင့် ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ |

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ရေပူကြီးကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ရသေ့တောင် | ၇၄ | ၁၉၃ | ၂၁၃ | ၄၀၆ |
| ၂။ | လှိုင်ကွယ် | ၂၆၃ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၃။ | လေးတိုင် | ၁၃၈ | ၄၀၈ | ၄၂၅ | ၈၃၃ |
| ၄။ | ညီညာသာလင်း | ၉၄ | ၂၅၂ | ၂၅၆ | ၅၀၈ |
| ၅။ | ရေပူကြီး | ၅၈၃ | ၁၆၉၈ | ၁၇၈၆ | ၃၄၈၄ |
| ၆။ | ငါးတိုင် | ၃၅၁ | ၈၈၅ | ၉၉၄ | ၁၈၇၉ |

# ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

## ၄.၁။ ကျေးရွာသမိုင်းကြောင်း။

လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ကျော်ခန့်က ရှေးယခင်လှိုင်ကွယ်ကျေးရွာကို သလွဲထော် ကျေးရွာနေ ဦးကိုငြိမ်း+ဒေါ်လှအေး မိသားစုနှင့် ရေပူကြီးကျေးရွာနေ ဦးကုတင်+ ဒေါ်အဘိုင်း မိသားစု၊ ဦးမိုတိုး+ ဒေါ်ချမူးမိသားစုတို့မှ လယ်၊ မုရင်း၊ တောင်ယာ ချဲ့ထွင်လုပ်ကိုင်ရာမှ တဲအိမ် (၃) အိမ်စုရွာအဖြစ်စတင်ခဲ့ပါသည်။

ရွာအမည်ကို သတ်မှတ်ခေါ်ဝေါ်ထားခြင်းမရှိပါ။ ထိုအချိန်တွင် ထိုနေရာသို့ မွန်ကုန်သည် လှေများ နားခိုရာနေရာ စခန်းချရာနေရာဖြစ်လာပါသည်။ ချောင်းနံဘေး ဝန်းကျင်နေရာတွင် သကန်းပင်များ အများအပြားပေါက်ရောက်နေသည်ကို မြင်တွေ့ကြ၍ ထိုနေရာကို မွန်ဘာသာ ဖြင့် (လှိုင်ကွဲ့) ရွာဟုခေါ်တွင်ရာမှ နောက်ပိုင်း ကရင် ဗမာ ဘာသာအခေါ်အဝေါ်အရ လှိုင်ကွယ် ရွာဟု ခေါ်တွင်လာကြပါသည်။ ထိုအချိန်တွင်လှိုင်းကွယ်ရွာသည် ထင်ရှားသောရွာမရှိသေးပါ။ (၁၉၁၅) မတိုင်မီ ကုလားမင်းလက်ထက် ဂျပန်လက်ထက်တွင် ကျေးရွာအမည် မထင်ရှား သေး၍ အရှေ့တောင်ဘက်တွင် လှိုင်ကျောက်ခဲအင်း၊ တောင်ဘက်တွင် လှိုင်ပုတ်အင်း၊ အနောက်တောင် ဘက်တွင်လှိုင်သမအင်း၊ အနောက်ဘက်တွင် နန်းကမော်လှိုင်အင်းရှိပါသည်။ မိုးရာသီတွင် ရေပတ်လည်ဝိုင်းရံနေသည်ကို မြင်တွေ့ကြ၍ ရေပတ်လည်ဝန်းရံနေသည် လှိုင်ပတ်လည်ဝန်း ရံနေသည် လှိုင်ကွယ်နေသည့်ရွာဖြစ်၍ လှိုင်ကွယ်ရွာဟုခေါ်တွင်ခဲ့ပါသည်။ ထိုရွာကို ဦးဆောင် တည်ထောင်ခဲ့သူမှာ ဦးကုတင် ဖြစ်ပါသည်။ထို့နောက်တွင် ဦးရွှေငွေ၊ ဦးသိန်းဖေ၊ ဦးကြာဉ၊ ဦးတူးတူး၊ ဦးချောက်ချိန်၊ ဦးသက်ရွှေဦး၊ ဦးရွှေကျော်၊ ဦးလှတင်၊ ဦးထွန်းလှ၊ ဦးတင်အောင်၊ဦးထိခလိန်း၊ ဦးသောင်းဦး၊ ဦးခင်ထွန်း စသဖြင့် အဆင့်ဆင့် တာဝန်ယူ လုပ်ဆောင် ခဲ့ကြသည်။

ကျေးရွာနေရွာသူ/သားများသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပါသည်။ ရွာအ စ တွင် ဘုန်းတော်ကြီးကျောင်းမရှိသေးသဖြင့် ရေပူကြီးရွာဘုန်းတော်ကြီးကျောင်းတွင် ဆွမ်းပို့ ဥပုဒ်သီလ တရားတော်နာသွားကြရပါသည်။နောက်ပိုင်း ( - ) ခုနှစ်တွင် ဒေါ်ကတိဦးဆောင်၍

မိမိအိမ်ခြံတစ်စိတ်တွင် ကျောင်းဇရပ်တစ်ဆောင်တည်ဆောက်ခဲ့ကြပါသည်။ ထိုကျောင်းဇရပ်တွင် သီတင်းသုံးတော်မူရန်အတွက် ဒေါ်ဖျာကျေးရွာရှိ ဆရာတော်ကြီးထံမှ ဦးပဥ္စင်း (ဦးညိုသာ) ကို ပင့်ဆောင်ပြီး သီတင်းသုံးတော်မူစေခဲ့ပါသည်။

ကျေးရွာနေ ရွာသူရွာသားများသည် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို အဓိက လုပ်ငန်းအဖြစ်လုပ်ကိုင်ကြပြီး မုရင်း (နွေစပါး) လုပ်ကိုင်သူအနည်းငယ်ရှိကြပါသည်။ နောက်ပိုင်းတွင်မှ လယ် မုရင်း ရာဘာခြံများကို လုပကိုင်လာကြပါသည်။ ဝင်ငွေအနေဖြင့် မွေးမြူရေးလုပ်ငန်းကို တစ်ပိုင်တစ်နိုင်သာလုပ်ကိုင်ကြပါသည်။ နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူ အနည်း ငယ်လည်းရှိပါသည်။

၁၉၅၈ ခုနှစ်တွင် ဦးတူးတူး ဦးဖိုးသာ ဦးဆောင်၍ ရွာသူရွာသားများ ဝိုင်းဝန်းခုတ်ထွင်ရှင်းလင်းပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဝါးခင်း၊ဝါးကာ၊ဖက်မိုး စာသင်ကျောင်း တစ်ဆောင်တည်ဆောက်ခဲ့ပါသည်။ (၁၉၆၀)ခုနှစ် ဇွန်လ (၁)ရက်တွင်မှ အစိုးရအခြေခံ ပညာမူလတန်းကျောင်း အဖြစ်စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ (၂၀၁၄) ခုနှစ် ဇူလိုင်လ (၁) ရက်နေ့တွင် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ ပါသည်။ ကျောင်းခြံဝင်းကာရံထားမှုမှာ ယခုချိန်ထိလုံခြုံမှုမရှိသေးပါ။ သောက်သုံးရေအတွက် ရွာသူရွာသားများသည် တွင်းရေကိုသာ အဓိကထားသောက်သုံးကြပါသည်။ နွေရာသီရေရှားချိန်၌ ဝေးလံသောချောင်းရေ နှင့် ကျောင်းရှိ အဝီစိတွင်းကိုသာ လာရောက်ခပ်ယူသုံးစွဲကြပါသည်။

ရွာသူရွာသားများ၏ ကျန်းမာရေးလိုအပ်မှုအတွက် ကော့ကရိတ်ပြည်သူ့ ဆေးရုံနှင့် တောင်ကြာအင်းတိုက်နယ်ဆေးရုံကိုသာ သွားရောက်ဆေးကုသမှုခံယူကြရပါသည်။ ကျေးရွာတွင် အရန်သားဖွားဆရာမ တစ်ဦးသာရှိပါသည်။ ကျန်းမာရေးအသိပညာ ပိုမိုမြင့်မားလာစေရန် ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် ဆရာများလိုအပ်နေပါသေးသည်။ ရွာအဝင်လမ်းများသည် စနစ်တကျသတ်မှတ်ထားခြင်းမရှိသေး၍ အိမ်အနေအထားများသည်လည်း စနစ်တကျမရှိ သေးပါ။ ထို့ပြင် ရွာတွင်းလမ်းသည်လည်း ပျက်စီးနေပါသဖြင့် ၎င်းကိုစနစ်တကျနေရာသတ် မှတ်ပြီး ပြန်လည်ပြုပြင်လုပ်ဆောင်သွားပါမည်။

## ၄.၂။ ကျေးရွာရှိအိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ။

လှိုင်ကွယ်ကျေးရွာတွင် အိမ်ထောင်စု (၂၆၃) စု ရှိပါသည်။ ကျေးရွာအတွင်းနေ ထိုင်သော လူဦးရေမှာ အမျိုးသား (၇၆၉)ဦး၊ အမျိုးသမီး (၈၀၅)ဦး၊ စုစုပေါင်း (၁၅၇၄)ဦးရှိပါသည်။ ယခုအိမ်ထောင်စုနှင့် လူဦးရေစာရင်း မှာ ၂၀၁၈ခုနှစ်၊ ဇွန်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

## ၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

လှိုင်ကွယ်ကျေးရွာတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးစုများမှာ ကရင် မွန် ဗမာ ပအိုရ် ရှမ်း ရခိုင် လူမျိုးတို့ဖြစ်ပါသည်။ ကရင်လူမျိုး (စကောကရင်) အိမ်ထောင်စု (၂၀၇) စုတွင် အမျိုးသား (၆၅၅)ဦးနှင့် အမျိုးသမီး (၇၀၁)ဦး စုစုပေါင်း (၁၃၅၆)ဦး ရှိပါသည်။ မွန်လူမျိုး အိမ်ထောင်စု (၃)စုတွင် အမျိုးသား (၁)ဦးနှင့် အမျိုးသမီး (၄)ဦး စုစုပေါင်း (၅)ဦး ရှိပါသည်။ပအိုရ်လူမျိုး အိမ်ထောင်စု (၅) စုတွင် အမျိုးသား (၁၂) ဦးနှင့် အမျိုသမီး(၁၁) ဦး စုစုပေါင်း (၂၃) ဦးရှိပါသည်။ ဗမာလူမျိုး အိမ်ထောင်စု (၄၄) စုတွင် အမျိုးသား (၉၂) ဦးနှင့် အမျိုးသမီး (၈၆) ဦး စုစုပေါင်း(၁၇၈) ဦးရှိပါသည်။ ရှမ်းလူမျိုး အိမ်ထောင်စု ၁၂) စုတွင် အမျိုးသား (၄) ဦးနှင့် အမျိုးသမီး (၀) ဦး စုစုပေါင်း (၄) ဦးရှိပါသည်။ ရခိုင်လူမျိုး အိမ်ထောင်စု (၃) စုတွင် အမျိုးသား (၅) ဦးနှင့် အမျိုးသမီး (၃) ဦး စုစုပေါင်း (၈) ဦးရှိပါသည်။

## ၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

လှိုင်ကွယ်ကျေးရွာကျေးရွာတွင် သက်ကြီးရွယ်အို (၆၅နှစ် နှင့် အထက်) (၄၁) ဦး၊ မသန် စွမ်း (၁၄) ဦးတို့ရှိ ပါသည်။

## ၄.၅။ အထောက်အပံ့ဖြစ်စေသော အဆောက်အဦးများ

လှိုင်ကွယ်ကျေးရွာတွင် မူကြိုကျောင်း (၁)ကျောင်း၊ အလယ်တန်းကျောင်း (၁) ကျောင်း၊ မူလတန်းကျောင်း (၁)ကျောင်း၊ ဘုန်းကြီးကျောင်း (၁)ကျောင်း၊ စေတီတို့ရှိပါသည်။

## ၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင် လယ်စိုက်ပျိုး လုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများဖြစ်ပါသည်။

## ၄.၇။ ပိုင်ဆိုင်မှု မြေရေယာနှင့်သဘာဝ သယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစားအိမ် ဆိုင်များ၊ ထော်လာဂျီ၊အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ရှိပါသည်။

## ၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည်ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ဌာနများ နှင့်လည်းချိတ်ဆက်မှုရှိပါသည်။ Phase – M၊ အုပ်စုမှူး၊ ပညာရေးဌာန၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရဲစခန်း၊ DKBA ၊ PC ၊UNICEF ၊ BGF၊ KNLL ၊DRDတို့နှင့်ချိတ်ဆက်ပါသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် အကျဉ်းချုပ်။

| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေးသူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | က | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၂၄ | ၅၁ | ၇၅ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူများခြင်း။ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | ၂၄ | ၅၁ | ၇၅ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်းပါးခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | ၂၄ | ၅၁ | ၇၅ | အဆင်မပြေသော အိမ်ထောင်စု (၃၀)စု၊အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | ၂၄ | ၅၁ | ၇၅ | ပညာတတ်မြောက်မှု၊ ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အမျိုးသမီးများဝင်ငွေရအလုပ်အကိုင် မရှိခြင်း၊ ကျန်းမာရေး။ |


| | | | | | |
|---|---|---|---|---|---|
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄ | ၅၁ | ၇၅ | အပ်ချုပ်စက် အမျိုးသမီးများ သုံးစွဲမှုများသည်။<br>လက်တွန်းထွန်စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊အမျိုးသားများ သုံး စွဲမှုများသည်။<br>ဆိုင်ကယ်၊ ကား၊ ရေတွင်း၊ ဘုန်းကြီးကျောင်း၊ လယ်၊ နွား တို့ကိုအမျိုးသား၊အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၂၄ | ၅၁ | ၇၅ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ ဩဇာလွှမ်းမိုး၊ ကျေးရွာပြင်ပတွင် DKBA ၊KNLL ၊ အုပ်စုမှူး၊ ပညာရေးဌာန ၊ BGF၊ PC ၊ ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့၊ DRD၊ UNICEF<br>အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် NGO အဖွဲ့မှ Phase – M တို့က လွှမ်းမိုးမှုများသည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ မှတ်တမ်းဓာတ်ပုံများ


### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ ရာသီခွင်ပြ - ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)



မြို့နယ် - ကော့ကရိတ်
အုပ်စု - ရေပူကြီး


ဥစ္စာဓနကြွယ်ဝမှုပြဇယား

ရက်စွဲ - 11.6.2020
ကျေးရွာ - လှိုင်ကွယ်


| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အိမ်ထောင်စု | လယ် (၃၀ ဧက) ၊ ရာဘာခြံ (၃၀ ဧက) ၊ လက်တွန်းထွန်စက်၊ ကား ၊ ထော်လာဂျီ၊ [illegible] ဆိုလာ (အကြီး)၊ ရေခဲသေတ္တာ၊ TV စလောင်း ၊ ဖုန်း၊ ကျွဲ ၊ နွား ၊ ထိုင်းနိုင်ငံသွား ၊ ကုန်စုံဆိုင် ။ | ၁၁ | ၄.၁၀% |
| အလယ်အလတ် အိမ်ထောင်စု | လယ် (၅ ဧက မှ ၁၀ ဧကထိ) ၊ ရာဘာခြံ (၅ ဧက မှ ၁၀ ဧက) ၊ လက်တွန်းထွန်စက်၊ ကား ၊ ဆိုင်ကယ် ၊ ဆိုလာ (အလတ်) ၊ [illegible] ၊ ကျွဲ ၊ နွား ၊ ဆိတ် ၊ ဖုန်း ၊ TV စလောင်း ၊ ဝက် ၊ [illegible] | ၁၀၇ | ၃၉.၉၄% |
| လက်လုပ်လက်စား အိမ်ထောင်စု | လယ် (၂ ဧက မှ ၃ ဧကထိ) ၊ [illegible] ဆိုင်ကယ် ၊ [illegible] ၊ ဆိုလာ (အသေး) ၊ ဖုန်း ၊ [illegible] TV ၊ [illegible] ၊ ဝက် ၊ ဆိတ် ၊ နွား ။ | ၁၁၇ | ၄၃.၇၂% |
| အဆင်မပြေသော အိမ်ထောင်စု | [illegible] ၊ ဖုန်း ၊ [illegible] ။ | ၃၂ | ၁၂.၁၇% |
| စုစုပေါင်း | | ၂၆၇ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျား + မ = စုစုပေါင်း
(၂၀) + (၃၇) = (၅၇)ဦး

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)



မြို့နယ် - ကော့ကရိတ်
အုပ်စု - ရေပူကြီး


ပိုင်ဆိုင်မှုသုံးသပ်ခြင်း

ရက်စွဲ - 11.6.2020
ကျေးရွာ - လှိုင်ကျယ်

| အရင်းအမြစ်သုံးစွဲမှုနေ့စဉ်ဖြစ်သူများ | | | အရင်းအမြစ်ထိန်းချုပ်မှုနေ့စဉ်ဖြစ်သူများ | | |
|---|---|---|---|---|---|
| ကျား | မ | ကျား + မ | ကျား | မ | ကျား + မ |
| လက်ဘွန်းထွန်စက် | အပ်ချုပ်စက် | ချောင်း | ချောင်း | အပ်ချုပ်စက် | ကွဲ |
| ရေစုပ်စက် | | ကွဲ | လက်ဘွန်းထွန်စက် | | နွား |
| မြက်ရိတ်စက် | | နွား | ရေစုပ်စက် | | ဝက် |
| သုံးဘီးဆိုင်ကယ် | | ဆိတ် | မြက်ရိတ်စက် | | ဆိတ် |
| ထော်လာဂျီ | | ဝက် | သုံးဘီးဆိုင်ကယ် | | ကြက် |
| | | ကြက်၊ဘဲ | ထော်လာဂျီ | | ဘဲ |
| | | ရေတွင်း | ဝပ်ရှော့ (ကား၊ဆိုင်ကယ်) | | ရေတွင်း |
| | | ဈေး | သဘာဝငါးကန်(၄ကန်) | | ဈေး |
| | | စက်ဘီး | | | စက်ဘီး |
| | | ဆိုင်ကယ် | | | ဆိုင်ကယ် |
| | | ကား | | | ကား |
| | | ဝပ်ရှော့ (ကား၊ဆိုင်ကယ်) | | | လယ် |
| | | သဘာဝငါးကန် (၄ကန်) | | | |
| | | လယ် | | | |

ပါဝင်ဆွေးနွေးသူ - ကျား + မ = စုစုပေါင်း
(၂၄) + (၅၁) = (၇၅) ဦး

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



## ၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့်ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုသော အရင်းအမြစ်များမှာ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ရာဘာခြံ၊ ဖက်ကောက်၊ မျှစ်ချိုး၊ ဈေးရောင်း စသည်တို့ဖြစ်သည်။<br>-အရင်းအမြစ်များမှာ လယ်ယာ၊ ရာဘာခြံ၊ တံငါ အများအပြားရှိပြီး<br>မွေးမြူရေးအနည်းငယ်ရှိပါသည်။<br>-လွန်ခဲ့သော(၅)နှစ်အတွင်းတွင်ရေအရင်းအမြစ်များ လျော့နည်းလာခြင်း၊သစ်တောများပြုန်းတီးလာ ခြင်း၊ရာသီဥတုဖောက်ပြန်ခြင်းတို့ဖြစ်ပေါ်လာသည်။<br>-ဤကျေးရွာတွင် သီးခြားအုပ်စုဖွဲ့၍ နေထိုင်ခြင်းမရှိပါ။ လူမျိုးစုများရောနှော၍ နေထိုင်ကြသည်။<br>-တစ်ရွာလုံး ဗုဒ္ဓဘာသာကိုးကွယ်ကြပြီး အပိုင်းခွဲ၍ နေထိုင်ခြင်းမရှိပါ။<br>-မွန်ပြည်နယ်ဘီလူးကျွန်းကျေးရွာမှမိသားစုအနည်း ငယ်ရာဘာခြစ်လုပ်ငန်းလာရောက်လုပ်ကိုင်ခြင်း၊ ပျဉ်းမနားမှမိသားစုအနည်းငယ် အုတ်ဖုတ်လုပ်ငန်း လာရောက်လုပ်ငန်းကြသည်။<br>ဤကျေးရွာသူ/သားအ နည်းစုမှ ထိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ် ကိုင်ကြသည်။<br>-ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ချက်များမှာ- |

| | | |
|---|---|---|
| | | (၁) လမ်းပန်းဆက်သွယ်ရေး<br>(၂) လျှပ်စစ်မီးရရှိရေး<br>(၃) သောက်သုံးရေလုံလောက်စွာရရှိရေး<br>(၄)ကျောင်းစာကြည့်တိုက်<br>စသည်တို့ဖြစ်ကြသည်။ |
| ၂ | ရာသီခွင်ပြ - ပြက္ခဒိန် | -လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၂၅) ခန့်ရှိသည်။<br>-ရာဘာခြံလုပ်ငန်းလုပ်ကိုင်သူ အိမ်ထောင်စု (၄၀) ခန့်ရှိသည်။<br>-အမျိုးသမီးအိမ်ထောင်ဦးစီး (၅၁)စုရှိသည်။<br>-၎င်းလုပ်ငန်းများကို တစ်နှစ်ပတ်လုံးမလုပ် ကိုင်နိုင်ပါ။<br>-အဓိကလုပ်ငန်းမလုပ်ကိုင်နိုင်သောအခါ ဖက်ကောက်၊ ဈေးရောင်း/ဈေးဝယ်၊ နေ့စား၊ ကျလမ်းလုပ် ကိုင်ကြရသည်။<br>-လုပ်ငန်းတစ်ခုစီအတွက် ပျှမ်းမျှဝင်ငွေမရှိပါ။ (စားဝတ်နေရေးအတွက်သာ)<br>-တစ်နှစ်တာဝင်ငွေသည် တစ်နှစ်တာအသုံးစရိတ် အတွက်မလုံလောက်ပါ။<br>-အကယ်၍ မလုံလောက်လျှင်ချေးငွေယူခြင်း၊ အိမ်မွေးတိရစ္ဆာန်ရောင်းခြင်း၊ နေ့စား၊ ကျဘမ်း၊ ဖက်ကောက်ဖက်ထိုးလုပ်ကိုင်ခြင်းဖြင့် ဖြေရှင်းကြသည်။ |

| | | |
|---|---|---|
| | | -ဤကျေးရွာ၏ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သောပြဿနာများမှာ ရေကြီး၍စပါးပျက်စီးခြင်း၊ အထွက်နှုန်းနည်းခြင်း၊ ရောဂါပိုး ကျခြင်း၊ မြေဆီမြေနှစ်မကောင်းခြင်းတို့ဖြစ်ကြ သည်။<br>-အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်း များမှာ ဈေးရောင်း၊ စပါးစိုက်/ရိတ်၊ တောမှီခို၍ အသက်မွေးဝမ်းကျောင်းပြုခြင်း တိုဖြစ်ကြသည်။ နေ့စားခတူညီကြသည်။<br>-အမျိုးသမီးအိမ်ထောင်ဦးစီးဝင်ငွေနှင့် အမျိုးသား အိမ်ထောင်ဦးစီးဝင်ငွေ မတူညီကြပါ။ အမျိုးသမီး အိမ်ထောင်ဦးစီးဝင်ငွေပိုနည်းပါသည်။<br>-အမျိုးသမီးများ၏အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သောပြဿနာများမှာအိမ်တွင်းမှုတွင်သာ အချိန်ကုန်နေရခြင်း၊ဝင်ငွေရအလုပ်တွင်အချိန်ပေး မလုပ်နိုင်ခြင်း၊တပိုင်တနိုင်လုပ်ကိုင်စားသောက်ရန် အတွက်အရင်းအနှီးမလုံလောက်ခြင်းတို့ဖြစ်ကြ သည်။ |
| ၃ | ဉစ္စာနေကြွယ်ဝမှုအဆင့် | -အဆင်မပြေသောအိမ်ထောင်စု (၃၂)စု ခန့်ရှိသည်။<br>-လယ်ယာမြေပိုင်ဆိုင်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်အရင်းအနှီးမရှိခြင်း၊ အသိပညာဗဟုသုတ အတွေ့အကြုံအားနည်းခြင်း၊ ပုံမှန်ဝင်ငွေမရှိခြင်း၊ တစ်နေ့လုပ်တစ်နေ့စားရခြင်း၊ မိသားစုတွင် မှီခိုသူများ |

| | | |
|---|---|---|
| | | ပြားခြင်း စသည်တို့ကြောင့် စီးပွားရေးအဆင်မပြေခြင်းဖြစ်သည်။<br>-ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အလုပ်အကိုင်အခွင့်အရေးတန်းတူရှိခြင်း၊ နေ့စားခရရှိခြင်း၊ လုပ်စားကိုင်စားတတ်လာအောင်ဆောင်ရွက်ပေးခြင်းဖြင့်လက်တွဲခေါ်၍ပါဝင်လာအောင်ဆောင်ရွက်ရ မည်။<br>-လမ်းခင်းခြင်း၊ အခြေခံအဆောက်အဦးတည်ဆောက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း အစီအစဉ်များကဆင်းရဲနွမ်းပါးသူများကိုတိုးတက်ကောင်းမွန်လာစေပြီး ကျေးရွာတစ်ခုလုံးဖွံ့ဖြိုးတိုးတက်စေပါသည်။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -အမျိုးသမီးများသည် အားနွဲ့ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုအားနည်းခြင်း၊ အိမ်မှုကိစ္စများဖြင့်အလုပ်ရှုပ် နေခြင်း စသည်တို့ကြောင့်ဝင်ငွေရှာဖွေနိုင်မှုတွင် အားနည်းသည်။<br>-အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများရင်ဆိုင်နေရသော စိန်ခေါ်မှုမှာ အိမ်မှုကိစ္စနှင့် အချိန်ကုန်နေခြင်း၊ မိရိုးဖလာအတိုင်းလိုက်နာစေခြင်း စသည်တို့ဖြစ်သည်။<br>-ကျေးရွာတွင်းရှိအမျိုးသမီးများ၏အခြေအနေများတိုးတက်အောင် လစဉ်တိုင်းဝင်ငွေရရှိမည့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေချင်သည်။ |

| | | |
|---|---|---|
| | | ကျေးရွာလူထုအ နေဖြင့် လမ်းပြုပြင်ခြင်း၊ ကျောင်းဆောက်ခြင်းစသောစီမံကိန်းလုပ်ငန်းများ လုပ်ဆောင်သင့်သည်။<br>-အမျိုးသမီးများကို ဦးစီးဦးဆောင်ပြုနိုင်အောင် အခွင့်အရေးပေးခြင်း၊ပံ့ပိုးကူညီခြင်း၊အိမ်မှုကိစ္စများ ကို ခွဲဝေလုပ်ဆောင်ပေးခြင်းဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်တက်လာအောင်ကူညီသင့်သည်။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -အမျိုးသမီးသန့်အသုံးပြုသော အရင်းအမြစ်မှာ အပ်ချုပ်စက်ဖြစ်ပြီး ၎င်းကို အမျိုးသမီးကသာ ထိန်းချုပ် ပါသည်။<br>-အမျိုးသားအသုံးပြုသောအရင်းအမြစ်များမှာ လက် တွန်းထွန်စက်၊ ရေစုပ်စက်၊ မြက်ရိတ်စက်၊ သုံးဘီး ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြစ်ပြီး ၎င်းတို့ကို အမျိုး သားကသာ ထိန်းချုပ်ပါသည်။<br>-နှစ်ဦးစလုံး အသုံးပြုသော အရင်းအမြစ်များမှာ ချောင်း၊ ကြက်၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဘဲ၊ ရေတွင်း၊ လှေ၊ စက်ဘီး၊ ဆိုင်ကယ်၊ ကား၊ ဝပ်ရှော့(ကား ဆိုင်ကယ်)၊ သဘာဝငါးကန်(အင်း)၊ လယ် တို့ဖြစ်ပြီး ၎င်းတို့ကိုနှစ်ဦးစလုံးက ထိန်းချုပ်ပါသည်။<br>-အရင်းအမြစ်များကို အသုံးပြုနိုင်ရန်အတွက် နှစ်ဦး စလုံးထံမှ ဆုံးဖြတ်ချက်ချမှတ်ရပါသည်။ |

| | | |
|---|---|---|
| | | -အမျိုးသမီးများက အသုံးပြုပြီး အမျိုးသားများက ထိန်းချုပ်မည်ဆိုလျှင် အိမ်တွင်းရေးအဆင်မပြေမှုများဖြစ်လာနိုင်သည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -စာရင်းထဲတွင် ကျန်ခဲ့သည့်အဖွဲ့မရှိပါ။<br>-ရပ်မိရပ်ဖအဖွဲ့သည် သာရေး၊ နာရေးနှင့် ဘာသာရေးတွင် အဓိကပါဝင်ပါသည်။<br>-အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးအဖွဲ့များဖြစ်သည်။<br>-ကျောင်းကော်မတီ၊ မူကြိုကျောင်းကော်မတီ၊ မြစိမ်းရောင်ကော်မတီ၊ကျန်းမာရေးကော်မတီအဖွဲ့များမှာအမျိုးသားနှင့်အမျိုးသမီးများပူးပေါင်းပါဝင်ကာပညာရေး၊ကျန်းမာရေး၊စားဝတ်နေရေးအဆင်ပြေ အောင်အဓိကဆောင်ရွက်ပေးသည်။<br>-အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပညာရေးမှူးရုံး၊ကျေးလက်ဦးစီးဌာနများကို ဆက်သွယ်ဆောင်ရွက်သည်။<br>-ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုတွင် ကျေးရွာခေါင်းဆောင်မှုကဏ္ဍပေါင်းစုံပါဝင်ဆောင်ရွက်ပေးပါသည်<br>-ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အားလုံးပူး ပေါင်းဆောင်ရွက်ပေးပါသည်။<br>-ဒေသခံအဖွဲ့နှင့် ပြင်ပအဖွဲ့အစည်းများသည် အုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ချိတ်ဆက်မှုရှိပါသည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏ အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးသန်းဦး | √ | | စီထောက်ဥက္ကဌ | 2018/19/20 |
| ၂ | ဒေါ်စိန်ပါတီ | | √ | စီထောက်ဥက္ကဌ | 2018/19/20 |
| ၃ | ဦးစိန်လှိုင် | √ | | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) | 2019/20 |
| ၄ | ဒေါ်ပန်းရီ | | √ | ဝယ်ယူရေးဆပ်ကော်မတီ (အဖွဲ့ဝင်) | 2018/19/20 |
| ၅ | ဒေါ်ပိုက်မူး(၂) | | √ | ဝယ်ယူရေးဆပ်ကော်မတီ (အဖွဲ့ဝင်) | 2018/19/20 |
| ၆ | နန်းအိညိုသန်း | | √ | ကျေးရွာငွေစာရင်းကိုင် | 2019/20 |
| ၇ | ဦးမြင့်အောင် | √ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) | 2019/20 |
| ၈ | နန်းဖော့အွာ | | √ | စောင့်ကြည့်ကြီးကြပ်ရေး (အဖွဲ့ဝင်) | 2018/19/20 |
| ၉ | ဦးငွေးမြင့် | √ | | စောင့်ကြည့်ကြီးကြပ်ရေး (အဖွဲ့ဝင်) | 2019/20 |
| ၁၀ | ဦးဖိုးလုံးကီး | √ | | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ(ခေါင်းဆောင်) | 2019/20 |
| ၁၁ | ဦးနာရီထွဋ် | √ | | လည်ပတ်ပြုပြင် (အဖွဲ့ဝင်) | 2019/20 |
| ၁၂ | ဒေါ်မြဝင်းအောင် | | √ | လည်ပတ်ပြုပြင် (အဖွဲ့ဝင်) | 2018/19/20 |
| ၁၃ | ဦးခင်ထွန်း | √ | | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စားလှယ် | 2018/19/20 |
| ၁၄ | ဒေါ်မြသွယ်အောင် | | √ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးကိုယ်စားလှယ် | 2019/20 |
| ၁၅ | ဦးသက်ဦး | √ | | ကျေးရွာစေတနာ့ဝန်ထမ်း | 2018/19/20 |
| ၁၆ | နန်းအမိုး | | √ | ကျေးရွာစေတနာ့ဝန်ထမ်း | 2018/19/20 |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၁ (PC – 1)

| ကျေးရွာခေါင်းဆောင်အမည်<br>ဦးခင်ထွန်း | | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ်-09795625768 | လူထုစည်းရုံးရေးမှူးအမည်<br>နော်လှိုင်လှိုင်ထွန်း |
|---|---|---|---|
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရေပူကြီး | ကျေးရွာ<br>လှိုင်ကွယ် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပိုးကရင် | ၂၀၇ | ဗုဒ္ဓ | ၂၆၃ |
| လူမျိုးစု (၂) ဗမာ | ၄၄ | | |
| လူမျိုးစု (၃) မွန် | ၃ | | |
| လူမျိုးစု (၄) ရခိုင် | ၃ | | |
| လူမျိုးစု (၅) ရှမ်း | ၁ | | |
| လူမျိုးစု (၆) ပအိုဝ့် | ၅ | | |
| အခြား .............................. | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၂၄ |
| သက်ကြီးရွယ်အို (၆၅နှစ် နှင့်အထက်) | ၆၂ |
| စစ်ဘေးရှောင် | ၀ |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ပိုးကရင် | ၆၅၅ | ၇၀၁ | ၁၃၅၆ |
| လူမျိုးစု (၂) ဗမာ | ၉၂ | ၈၆ | ၁၇၈ |
| လူမျိုးစု (၃) မွန် | ၁ | ၄ | ၅ |
| လူမျိုးစု (၄) ရခိုင် | ၅ | ၃ | ၈ |
| လူမျိုးစု (၅) ရှမ်း | ၄ | ၀ | ၄ |
| လူမျိုးစု (၆) ပအို့ဝ် | ၁၂ | ၁၁ | ၂၃ |
| အခြား ............................... | | | |
| အိမ်ထောင်ဦးစီး | ၂၁၂ | ၅၁ | ၂၆၃ |

**၁။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာစာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | √ |
| အလယ်တန်း | √ | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | √ |
| မူလတန်း | | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | √ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်း သို့ အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | √ | √ |
| အလယ်တန်းဆရာ/မ | | √ | ကျန်းမာရေးမှူး | | | ပန်းရံ | √ | √ |
| မူလတန်းဆရာ/မ | √ | √ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | √ | |
| မူကြိုဆရာ/မ | √ | | သားဖွားဆရာမ | | | ရေပိုက်သွယ် | | |
| အခြား | √ | | ကျန်းမာရေးလုပ်သား | √ | | စက်ပြင် | √ | √ |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသော လမ်းအခြေ အနေ

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ------------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁။ လူထုဗဟိုပြုစီမံကိန်းမစတင်မီ ကျေးရွာတွင် ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား?

---------- ရှိပါသည်/မရှိပါ/မသိပါ

၂။ ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ?----------- (.....)/ မသိပါ

၃။ ထိုစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား---------------------

ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁။ ကျေးရွာ၏ဗဟိုမှ အုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။-------- ( ၆.၃၇ )မိုင်/မသိပါ

၂။ ကျေးရွာမှ အုပ်စုရွာသို့သွား/လာရာတွင် အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် 00:45:00 ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

မိုးရာသီကြာချိန် 00:45:00 ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား.....

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ် ကျရောက်ဖူးပါသလား?

.......မရှိပါ/ ..........ရှိပါသည်/ ရှိလျှင်ဖော်ပြပါ .................................

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ (သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသော အဖွဲ့များရှိပါသလား?

(၁) မြစိမ်းရောင်ကော်မတီ (၂) မီးလင်းရေးကော်မတီ

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း။

..........မရှိပါ။ ............ရှိပါသည်။

## ၁၁။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၂ (PC – 2)

| စည်းရုံးရေးမှူးဝန်ထမ်းအမည် - နော်လှိုင်လှိုင်ထွန်း၊ ဒေါ်ချယ်ရီလင်း | | | |
|---|---|---|---|
| နေ့စွဲ - 11.6.2020 | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ်<br>ကရင် | မြို့နယ်<br>ကော့ကရိတ် | ကျေးရွာအုပ်စု<br>ရေပူကြီး | ကျေးရွာ<br>လှိုင်ကွယ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူ အရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးစီးသည့် နေ့ | ကျား | မ | အိမ်ထောင်စု | လူမျိုးစု | | | |
| | | | | | | အရေအတွက် | အမည် | | |
| ၁။ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | 11.6.2020 | 11.6.2020 | 48 | 90 | 138 | 124<br>7<br>3<br>2<br>1<br>1 | ပိုးကရင်<br>ဗမာ<br>ပအိုဝ့်<br>မွန်<br>ရခိုင်<br>ရှမ်း | 263 | 52.47% |
| ၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | 11.6.2020 | 11.6.2020 | 48 | 90 | 138 | 124<br>7<br>3<br>2<br>1<br>1 | ပိုးကရင်<br>ဗမာ<br>ပအိုဝ့်<br>မွန်<br>ရခိုင်<br>ရှမ်း | 263 | 52.47% |
| ၃။ကျေးရွာအုပ်စုလုပ်ငန်းဆုံးဖြတ်ချက်ချအစည်းအဝေး | | | | | | | | | |
| ၄။မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏စီမံကိန်းသုံးသပ်မှုအ | | | | | | | | | |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စည်းအဝေး | | | | | | | | | |
| ၅။မြို့နယ်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကိုရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | | | | | | | | | |
| ၆.၁။စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ရေးအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၆.၂။ဝယ်ယူရေးအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၆.၃။ဘဏ္ဍာရေးကုန်ကျမှုလျာထားအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၆.၄။ပြင်/ထိန်းအစီအစဉ်ရေးဆွဲခြင်း | | | | | | | | | |
| ၇.၁။အစည်းအဝေးပထမအကြိမ် | | | | | | | | | |
| ၇.၂။အစည်းအဝေးဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။အစည်းအဝေးတတိယအကြိမ် | | | | | | | | | |
| ၇.၄။အစည်းအဝေးစတုတ္ထအကြိမ် | | | | | | | | | |
| ၇.၅။အစည်းအဝေးပဉ္စမအကြိမ် | | | | | | | | | |
| ၈။စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်းအစည်းအဝေး | | | | | | | | | |
| ၉။လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

## ၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - နော်လှိုင်လှိုင်ထွန်း၊ ဒေါ်ချယ်ရီလင်း | | | |
|---|---|---|---|
| နေ့စွဲ - 11.6.2020 | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ - စက်ဝန်း ၁ (..)။ စက်ဝန်း ၂ (..) စက်ဝန်း ၃ (√)၊ စက်ဝန်း ၄ (..) | | |
| ပြည်နယ် ကရင် | မြို့နယ် ကော့ကရိတ် | ကျေးရွာအုပ်စု ရေပူကြီး | ကျေးရွာ လှိုင်ကွယ် |

**(က) အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။**

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော အခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ဘက်စုံသုံးခန်းမဆောင်မရှိခြင်းကြောင့် လူမှုရေးကိစ္စများ၊ အ စည်းအဝေးပြုလုပ်ရန်နှင့် ကာကွယ်ဆေးထိုးနှံရာတွင် နေရာ အခက်အခဲရှိခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| မိုးရာသီတွင်ဗွက်ထပြီး နွေရာသီတွင်ဖုံထူထခြင်းကြောင့် ရွာတွင်းလမ်းမကောင်းသဖြင့် ရွာသူ/သားများသွားလာရေးတွင် အခက်အခဲကြုံတွေ့နေရခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |
| ကျေးရွာမီးလင်းရေးမရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးမှုနှောင့်နှေးခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| လယ်ယာအတွက် ရေမြောင်းတိမ်ကောသွားသောကြောင့် တောင်သူများစိုက်ပျိုးရာတွင် အခက်အခဲရှိခြင်း။ | ကျား ... √ | မ.... | ကျား+မ ... |
| ကျောင်းခြံစည်းရိုးမရှိခြင်းကြောင့် ကျောင်းသူ/သားများနှင့် ဆရာ/မ များအတွက် လုံခြုံမှုအားနည်းခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |

| | | | |
|---|---|---|---|
| အလယ်တန်းကျောင်းဆောင်မကောင်းသောကြောင့် ကလေး များပညာသင်ကြားရာတွင်လုံခြုံမှုအားနည်းခြင်းနှင့် အခက် အခဲရှိခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |
| နွေရာသီတွင် ရေများခမ်းခြောက်သဖြင့် ရွာသူ/သားများ သောက်သုံးရေလုံလောက်မှုမရှိသောကြောင့် ရေဝယ်သုံးရ ခြင်းနှင့် ရပ်ဝေးမှရေခပ်ရသည့်အတွက် အချိန်ပိုကုန်ခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| သစ်တောရှာပါးလာပြီး ထင်းရှားပါးလာခြင်းကြောင့် မီးသဂြိုလ်ရာတွင် အခက်အခဲရှိခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| ကျောင်းသုံးအိမ်သာမလုံလောက်ခြင်းကြောင့် ကျောင်း သူ/သားများ၏ ကျန်းမာရေးညီညွတ်မှုအားနည်း ခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |
| ကျောင်းကြိုပို့ယာဉ်မရှိခြင်းကြောင့်အထက်တန်းကျောင်းသူ /သားများ အထက်ကျောင်းသို့ကျောင်းသွားတက်ရာတွင် အခက်အခဲရှိခြင်း။ | ကျား ... √ | မ.... | ကျား+မ ... |
| မူကြိုကျောင်းသားတိုးများလာပြီး မူကြိုဆရာမမလုံလောက် ၍ ကလေးများစောင့်ရှောက်ရာတွင် လုံခြုံမှုအားနည်းခြင်း။ | ကျား ... √ | မ.... | ကျား+မ ... |
| ကျောင်းသုံးပရိဘောဂမလုံလောက်သည့်အတွက် ကလေး များ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |
| လယ်ယာမြေအတွက် ပုံစံ (၇) မရှိခြင်းကြောင့် တောင်သူများ စိုက်ပျိုးရေးချေးငွေထုတ်ယူရာတွင် အခက်အခဲရှိခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| အလုပ်အကိုင်အခွင့်အလမ်းရှားပါးသည့်အတွက် စားဝတ်နေ ရေးဖြေရှင်းရာတွင် အခက်အခဲရှိသောကြောင့် ပြင်ပနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |

| | | | |
|---|---|---|---|
| စက်မှုလက်မှုနှင့် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာ အားနည်းသည့်အတွက် မိသားစုစားဝတ်နေရေး ဖြေရှင်းရာတွင် အခက်အခဲရှိခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| ကျေးရွာစာကြည့်တိုက်မရှိခြင်းကြောင့် ကျေးရွာလူထု၏ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ်အားနည်းခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| စိုက်ပျိုးရေး/မွေးမြူရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်မရှိ ခြင်းကြောင့် စီးပွားဖြစ် လုပ်ကိုင်နိုင်ရန် အခက်အခဲရှိခြင်း။ | ကျား ... | မ.... | ကျား+မ ... √ |
| ကျန်းမာရေးဝန်ထမ်းမရှိခြင်းကြောင့် ကျေးရွာလူထု၏ ကျန်းမာရေးလက်လှမ်းမီမှု အားနည်းခြင်း။ | ကျား ... | မ.... √ | ကျား+မ ... |

**(ခ) မျှော်မှန်းခြင်း - နောင်လာမည့် ၅ နှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ**

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသော မျှော်မှန်းချက်များ | | | |
|---|---|---|---|
| ဘက်စုံသုံးခန်းမဆောင်ရရှိလာပြီး လူမှုရေးကိစ္စများ၊ အစည်း အဝေးပြုလုပ်ရန်နှင့် ကာကွယ်ဆေးထိုးနှံရာတွင် နေရာရှိလာ မည်ဖြစ်သောကြောင့် ကျေးရွာလူထုအတွက် အကျိုးများစွာ ဖြစ်ထွန်းလာမည်။ | ကျား ... | မ.... | ကျား+မ ... √ |
| ရွာတွင်းလမ်းကောင်းမွန်လာပြီး ကျေးရွာလူထုများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ကူးသန်းသွားလာရေးကိစ္စ ဆောင်ရွက်မှုများ အဆင်ပြေလာစေရန်။ | ကျား ... | မ.... √ | ကျား+မ ... |
| လျှပ်စစ်မီးရရှိလာပြီး ကျေးရွာလူထု၏ လူနေမှုဘဝမြင့်မားလာစေရန်။ | ကျား ... | မ.... | ကျား+မ ... √ |
| လယ်ယာအတွက် ရေမြောင်းပြန်လည်တူးဖော်ရရှိလာပြီး တောင်သူများစိုက်ပျိုးရာတွင် ပိုမိုအဆင်ပြေလာစေရန်။ | ကျား ... √ | မ.... | ကျား+မ ... |

| | | | |
|---|---|---|---|
| ကျောင်းခြံစည်းရိုးရရှိလာလျှင် ကျောင်းသူ/သားများနှင့် ဆရာ/မများ လုံခြုံစိတ်ချစွာ ပညာသင်ကြားလာနိုင်ပြီး ကျောင်းပတ်ဝန်းကျင်သာယာလာမည်။ | ကျား … | မ…. | ကျား+မ … √ |
| အလယ်တန်းစာသင်ကျောင်းဆောင်ကောင်းမွန်လာ၍ ကျောင်းသူ/သားများ ပညာသင်ကြားရာတွင် အဆင်ပြေစေမည်။ | ကျား … | မ…. √ | ကျား+မ … |
| သောက်သုံးရေလုံလောက်စွာရရှိလာလျှင်ရေဝယ်သုံးရသည့် အခြေအနေမှကင်းလွတ်၍ မိသားစုအပိုဝင်ငွေရရှိလာမည်။ | ကျား … | မ…. | ကျား+မ … √ |
| မီးသဂြိုလ်စက်ရရှိလာပြီး ထင်းအသုံးပြုရန်မလိုအပ်သောကြောင့် အဆင်ပြေစွာမီးသဂြိုလ်လာနိုင်ပြီး သစ်တောပြုန်းတီးမှုလည်းလျော့နည်းလာမည်။ | ကျား … | မ…. | ကျား+မ … √ |
| ကျောင်းသုံးအိမ်သာ လုံလောက်စွာရရှိလာပြီး ကျောင်းကျန်းမာရေးညီညွတ်မှုနှင့် ကျန်းမာရေးလက်လှမ်းမီမှုမြင့်မားလာစေရန်။ | ကျား … | မ…. √ | ကျား+မ … |
| ကျောင်းကြို/ပို့ယာဉ်ရရှိလာပြီး အထက်တန်းကျောင်းသူ/သားများ ကျောင်းသွားတက်ရာတွင် သွားလာရေးအဆင်ပြေလာစေရန်။ | ကျား … √ | မ…. | ကျား+မ … |
| မူကြိုဆရာမလုံလောက်စွာရရှိလာပြီး ကလေးများစောင့်ရှောက်ရာတွင် လုံခြုံစိတ်ချမှု ပိုမိုရှိလာစေရန်။ | ကျား … √ | မ…. | ကျား+မ … |
| ကျောင်းသုံးပရိဘောဂလုံလောက်စွာရရှိလာပြီး ကလေးများ ပညာသင်ကြားရာတွင် အဆင်ပြေလာစေရန်နှင့် ပညာတတ်ပေါ်များလာစေရန်။ | ကျား … | မ…. √ | ကျား+မ … |

| | | | |
|---|---|---|---|
| လယ်ယာမြေအတွက် ပုံစံ (၇) ရရှိလာပြီး တောင်သူများ စိုက် ပျိုးရေးချေးငွေ ထုတ်ယူလာနိုင်သည့်အတွက် ယခင်ထက် ပိုမိုစိုက်ပျိုးလာနိုင်စေရန်။ | ကျား ... | မ.... | ကျား+မ ... √ |
| အလုပ်အကိုင်အခွင့်အလမ်းရရှိလာပါကလူငယ်များအတွက် ကိုယ်ပိုင်ဝင်ငွေရရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှုပိုမိုရရှိလာမည်။ | ကျား ... | မ.... | ကျား+မ ... √ |
| စက်မှုလက်မှုနှင့် အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာသင်တန်းရရှိလာပြီး မိသားစုဝင်ငွေနှင့် စားဝတ်နေရေးအတွက် ပိုမိုအဆင်ပြေလာစေရန်။ | ကျား ... | မ.... | ကျား+မ ... √ |
| ကျေးရွာစာကြည့်တိုက်ရရှိလာပါက ကလေးငယ်များ ပြင်ပဗဟုသုတတိုးလာကာ အတွေးအခေါ် အမြော်အမြင် မြင့်မား လာမည်။ | ကျား ... | မ.... | ကျား+မ ... √ |
| စိုက်ပျိုးရေး/မွေးမြူရေးနည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိ လာပြီး စီးပွားဖြစ် လုပ်ကိုင်လာနိုင်သည့်အတွက် စီးပွားရေး ကောင်းမွန်လာစေရန်။ | ကျား ... | မ.... | ကျား+မ ... √ |
| ကျန်းမာရေးဝန်ထမ်းရရှိလာပြီး ကျေးရွာလူထု၏ ကျန်းမာရေးလက်လှမ်းမီမှုမြင့်မားလာစေရန်။ | ကျား ... | မ.... √ | ကျား+မ ... |

## (ဂ) လူထုစီမံကိန်း၏ နောင်လာမည့် ၄ နှစ်တာအတွက် အကျုံးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေး အဆင့် သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေး အတွက် လုပ်ငန်းအစီအစဉ် များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ ) | အခန်း ကဏ္ဍ | ခန့်မှန်း ကုန် ကျ စရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | ဘက်စုံသုံးခန်းမ ဆောင်တည် ဆောက်ခြင်း လုပ်ငန်း။ | က+မ | အခြား | ၂၃၈၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၂ | ရွာတွင်းကွန်က ရစ်လမ်းအဆင့် မြှင့်တင်ခြင်း လုပ်ငန်း။ | မ | လမ်းပန်း ဆက်သွယ် ရေး | ၂၇၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၃ | လျှပ်စစ်မီးကြိုး မီးတိုင်သွယ်တ န်းခြင်းလုပ်ငန်း။ | က+မ | မီးလင်းရေး | ၈၀၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၄ | လယ်ယာအ တွက်ရေမြောင်း ပြန်လည်တူး ဖော်ပေးခြင်း လုပ် ငန်း။ | က | စိုက်ပျိုးရေး | ၄၀၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၅ | ကျောင်းခြံစည်း ရိုးတည်ဆောက် ခြင်းလုပ်ငန်း။ | မ | ပညာရေး | ၂၅၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၆ | ကျောင်းဆောင် ဟောင်းပြုပြင် | မ | ပညာရေး | ၁၆၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ပေးခြင်းလုပ်ငန်း။ | | | | | | |
| ၇ | စက်ရေတွင်း/ရေစင်တည်ဆောက်ပေးခြင်းလုပ်ငန်း။ | က+မ | ရေနှင့်သန့်ရှင်းရေး | ၁၀၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၈ | ဆိုလာမီးလင်းရေးလုပ်ငန်း။ | မ | မီးလင်းရေး | ၁၀၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၉ | မီးသင်္ဂြိုလ်စက်တည်ဆောက်ပေးခြင်းလုပ်ငန်း။ | က+မ | အခြား | ၇၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၁၀ | ကျောင်းသုံးအိမ်သာ(၆)ခန်းတွဲတည်ဆောက်ပေးခြင်းလုပ်ငန်း။ | မ | ပညာရေး | ၅၀၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |
| ၁၁ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ပေးခြင်းလုပ်ငန်း။ | က+မ | အခြား | ၁၀၈၀၀၀၀၀ | ၇၆၉ | ၈၀၅ | ၁၅၇၄ |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ၄ နှစ်အအတွက် အကျိုးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊ မ၊ (ကျား+မ) | အခန်း ကဏ္ဍ |
|---|---|---|---|
| ၁ | ကျောင်းကြို/ပို့ယာဉ်ရရှိရေး။ | က | အခြား |
| ၂ | မူကြိုကျောင်းဝန်ထမ်းရရှိရေး။ | က | ပညာရေး |
| ၃ | ကျောင်းသုံးပရိဘောဂလုံလောက်စွာရရှိရေး။ | မ | ပညာရေး |
| ၄ | တောသူအတွက် ပုံစံ(၇) ရရှိရေး။ | က+မ | အခြား |
| ၅ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ | က+မ | အခြား |
| ၆ | စက်မှုလက်မှုနှင့်အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာသင်တန်းရရှိရေး။ | က+မ | အသက်မွေးဝမ်းကျောင်း |
| ၇ | ကျန်းမာရေးဝန်ထမ်းရရှိရေး။ | မ | ကျန်းမာရေး |

## ၁၃။ ကျေးရွာပထမနှင့် ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးခေါင်းစဉ် 1st and 2nd meeting.

နေရာ လှိုင်ကွယ်ရပ်ကျေးရွာ မူလတန်းကျောင်း    နေ့ရက် 4.7.2019

အချိန် 10:00 AM ပြီး 5:00 PM

ဆွေးနွေးသည့် အကြောင်းအရာ

၁။ မိတ်ဆက်ခြင်း၊ မိတ်ဆက်စကားပြောခြင်းနှင့် စီမံကိန်းမိတ်ဆက်ခြင်း

၂။ အခြေခံကျေးရွာများနှင့် တာဝန်ခံကော်မတီများ၊ ဆောင်ရွက်မည့်ကော်မတီ ရွေးချယ်တင်မြှောက်ခြင်း

၃။ PRA Tools ပြန်လည်သုံးသပ်ခြင်း၊ PRA Tools ပြန်လည်တင်ပြခြင်း

၄။ ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် စီမံကိန်းလုပ်ငန်းခွဲများအား ရွေးချယ်ခြင်း

၅။ အကျဉ်းချုပ်/မဲခွဲသော စီမံကိန်းလုပ်ငန်းခွဲများအား မိတ်ဆက်ခြင်း / VDP ပုံစံ

၆။ ကျေးရွာစီမံ/ထောက်ပံ့ကော်မတီ ရွေးချယ်တင်မြှောက်ခြင်း။

၇။ ပထမအကြိမ် ဆုံးဖြတ်ချက်အစည်းအဝေး အကြောင်းပြန်လည်သုံးသပ်ခြင်း

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | ပထမမှတ်တမ်းအားသဘောတူ၊ အားနည်းချက်များ၊ အပေါ်အဖြေပြီး လာမည့်ဒုတိယနှစ်စက်ဝန်းတွင် အားသာချက်များကို မိတ်ဆက်မှ | ကျေးရွာလှိုင်ကွယ်ကျေးမှုး |
| | အသုံးပြုပေးကြပါ - ကျေးရွာလူထုများလည်း အစည်းအဝေးတက်ရောက်ပေးကြပါ - စည်းဝေးအောင်မြင်မှုသာ စီမံကိန်း | |
| | နှစ်စက်ဝန်းလည်းမည်မျှ အသုံးဝင်သည်ကို ပေးကြောင်းပြောကြားပါ သည်။ | |
| ၂။ | ပထမနှစ်ဆောင်ရွက်သောကော်မတီဝင်များ၏ ဆွေးနွေးပြီး ရွေးချယ်၍ မိမိကျေးရွာ ပုံမှန်အတိုင်း တာဝန်ရှိကော်မတီဝင်များ | ကော်မတီဝင်များ + ကျေးရွာလူထု |
| | နှင့်ကျေးရွာလူထုများ - တက်ရောက်လာသူ ဖြင့် ပူပေါင်းဆောင်ရွက် ရန်သဘောတူဆုံးဖြတ်ကြသည်။ | |
| ၃။ | ဆက်လက်ပြီး ကျေးရွာစီ အခြေခံ အချက်အလက်များ (PRA TOOLS) ၆ ခု ကို ပြန်လည်မှုမျှဝေသည်။ | ကျေးရွာလူထုနှင့် ရပ်ထမ်းများ |

၄။ တက်ရောက်လာသူများ ကျေးရွာကော်မတီ ရွေးကြပြီး အစည်းအဝေး ကိုရုပ်သိမ်းပါသည်။

မှတ်တမ်းတင်သူ

အမည်/ ရာထူး နော်ကြီးသန်း (LF)

လက်မှတ်/ရက်စွဲ (4.7.2019)

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့် အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+ မ | | | |
| အခြေခံအ ဆောက်အ ဦး (လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး) | ၁ | ရွာတွင်းဂဝံမြေသား လမ်းခင်းခြင်းလုပ်ငန်း | | | √ | 2018 | NCDDP | ပြီးစီး |
| | ၂ | ရွာတွင်းကွန်ကရစ် လမ်းအဆင့်မြှင့်တင် ခြင်းလုပ်ငန်း။ | | √ | | 2018/19/20 | | |
| | ၃ | လျှပ်စစ်မီးကြိုးမီးတိုင် သွယ်တန်းခြင်းလုပ် ငန်း။ | | | √ | 2018/19/20 | | |
| | ၄ | စက်ရေတွင်း/ရေစင် တည်ဆောက်ခြင်းလုပ် ငန်း။ | | | √ | 2018/19/20 | | |
| | ၅ | ဆိုလာမီးလင်းရေးလုပ် ငန်း။ | | √ | | 2018/19/20 | | |
| လူမှုစီးပွား (ပညာရေး၊ ကျန်းမာ ရေးနှင့် ဆိုင်သောအ ဆောက် အဦးနှင့် အခြားလို အပ် ချက်များ | ၁ | ကျောင်းခြံစည်းရိုး တည်ဆောက်ခြင်းလုပ် ငန်း။ | | √ | | 2018/19/20 | | |
| | ၂ | ကျောင်းဆောင် ဟောင်းပြုပြင်ခြင်း လုပ်ငန်း။ | | √ | | 2019/20 | | |
| | ၃ | ကျောင်းသုံးအိမ်သာ(၆ )ခန်းတွဲတည်ဆောက် ခြင်းလုပ်ငန်း။ | | √ | | 2018/19/20 | | |
| | ၄ | မူကြိုကျောင်းဝန်ထမ်း ရရှိရေး။ | √ | | | 2018/19/20 | | |
| | ၅ | ကျောင်းသုံးပရိဘောဂ ရရှိရေး။ | | √ | | 2018/19/20 | | |
| | ၆ | ကျန်းမာရေးဝန်ထမ်း ရရှိရေး။ | | √ | | 2018/19/20 | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆိုင်သော အဆောက်အဦးနှင့် အခြားလို အပ်ချက်များ | ၁ | လယ်ယာအတွက်ရေမြောင်းပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်း။ | √ | | | 2018/19/20 | | |
| | ၂ | စက်မှုလက်မှုနှင့်အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာသင်တန်းရရှိရေး။ | | √ | | 2018/19/20 | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ်လျော့ပါးရေး | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြား | ၁ | ဘက်စုံသုံးခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း။ | | | √ | 2020 | | |
| | ၂ | မီးသင်္ဂြိုလ်စက်တည်ဆောက်ခြင်းလုပ်ငန်း။ | | | √ | 2019/20 | | |
| | ၃ | ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း။ | | | √ | 2018/19/20 | | |
| | ၄ | ကျောင်းကြို/ပို့ယာဉ်ရရှိရေး။ | √ | | | 2018/19/20 | | |
| | ၅ | တောင်သူအတွက်ပုံစံ (၇) ရရှိရေး။ | | | √ | 2018/19/20 | | |
| | ၆ | အလုပ်အကိုင်အခွင့်အလမ်းရရှိရေး။ | | | √ | 2018/19/20 | | |

## ၁၅။ လူထုဗဟိုပြုစီမံကိန်း (NCDDP) ဖြင့်ဆောင်ရွက်သော စီမံကိန်းလုပ်ငန်းခွဲများ

| စီမံကိန်း စက်ဝန်း | လုပ်ငန်းခွဲအမည် | အတိုင်းအတာ | ထောက်ပံ့ ငွေ (ကျပ်) | ကျေးရွာ ထည့်ငွေ (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|---|---|
| ပထမနှစ် | ရွာတွင်းဂဝံမြေသား လမ်းခင်းခြင်းလုပ်ငန်း | 4080'x15'x1' | 22974200 | 1050000 | 24024200 |
| ဒုတိယနှစ် | ဒုတိယနှစ်စက်ဝန်းတွင်စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်မှုမရှိပါ။ | | | | |
| တတိယနှစ် | | | | | |
| စတုတ္ထနှစ် | | | | | |